# အိမ်ပြောင်းလှောင်အိမ်

# အခန်း (၄)

လက္ခဏာကြည့်တတ်တဲ့ ကိုစိန်ယုံလို လူမျိုးဟာ တေဇရဲ့ မိတ်ဆွေဖြစ်ပါတယ်။ သူဟာ တေဇတို့ တိုက်ခန်းဘက်မှာ ထမင်းထိုး၊ သေးအိုး၊ ချေးအိုးသွန်တဲ့ အလုပ်လုပ်နေရပြီး ထောင်ကျနေသူပါ။ သူလို လူမျိုးကို **"လွတ်လပ်ရေး"** ဆိုတာပြောမိရင် အော်ပြီးရယ်မှာ သေချာတယ်။ **"လွတ်လပ်ရေး"**ဟုတ်လား? အဲဒါမျိုးဆိုတာ ငွေရှိရင်ဈေးထဲမှာ သွားဝယ်လို့ရတဲ့ဟာမျိုးပါကွာလို့ ပြောပြီးရယ်နေမှာ သေချာတယ်။ ခြေသံလိုလို ကြားလိုက်မိတာနဲ့ နားကိုပိုစွင့်ထားမိပါတယ်။ တံခါး(၂)ချပ်ပိတ်ထားတဲ့ တိုက်ခန်းကျဉ်းနေရာ ဖြစ်ပေမဲ့ ခြေသံကိုတော့ နားစွင့်ရင် ကြားနိုင်ပါတယ်။

ထောင်မှူး ကိုလူချောရဲ့ ခြေသံလိုလိုလဲ ကြားမိနေရပါတယ်။ များသောအားဖြင့် ကိုစိတ်ယုံ ထမင်းလာထိုးတိုင်း ထောင်မှူး ကိုလူချောလည်း ပါလာတတ်ပါတယ်။ ဒါပေမဲ့ အပြင်ဖက် အဝင်ဝမှာ နေခဲ့တာများပါတယ်။ သူဟာ တိုက်ပိတ်ခန်းဖြစ်တဲ့ တေဇတို့နေရတဲ့ နေရာမျိုးကို သိပ်မနှစ်သက်ပါဘူး။ ကိုစိန်ယုံတယောက်ဘဲ ထမင်းပန်းကန် လာပေး၊ သေးအိုးယူ သွန်ပြီး ပြန်ပေး၊ ချေးအိုး(ဂန်ဖလား)ကိုလည်း သန့်ရှင်းပေးလေ့ရှိပါတယ်။ ဒီနေ့တော့ အခန်းအဝနားအထိ စစ်ဖိနပ်သံ မပါလာလို့ ထောင်မှူး ကိုလူချောပါလာမယ် မထင်ပါ။

**"ကိုစိန်ယုံ တယောက်ထဲ ထင်ပါရဲ့။ ဒါပေမဲ့ ဘာတွေဖြစ်နေသလဲတော့ မသိဘူး? လူများပြောင်းလိုက်ပြီလား?"** နောက်ကျ လိုက်တာ နော်လို့ ညည်းနေမိတယ်။

**"ဟော ထမင်းပန်းကန် ကြမ်းပြင်ပေါ်ကို ချလိုက်သံကြားတယ်။ ပထမ တံခါးကိုဖွင့်ပြီး ချထားတာ၊ ဘာဖြစ်လို့ အတွင်းဘက် နောက်တံခါး တချပ်ကို မဖွင့်သေးဘဲ ငြိမ်သွားပါလိမ့်?"**

အမှန်ဆိုရင် နောက်တံခါးဖွင့်ပြီး ထမင်းပေးလိုက်ဘို့ဘဲရှိတယ် မဟုတ်လား။ ဗိုက်က ထမင်းပိုပြီး ဆာလာတယ်။

**"တကယ်လို့ ကိုစိန်ယုံသာ ဆိုရင် အခုနေ တံခါးဖွင့်ပြီး ထမင်းကျွေးလောက်ပြီ။ အပြင်ဘက်မှာ ဘယ်သူပါလိမ့်? "**တေဇဟာ သူ့ရဲ့ ရင်ခုန်ကို တဒုန်းဒုန်းနဲ့ အတိုင်းသား ကြားနေရတယ်။

**"ဟာ အခုထက်ထိ တံခါးလည်း မဖွင့်သေးပါလား" တံခါးအပြင်ဘက်က လူဟာ တေဇကို နှောက်ချင်နေလို့ ဒီလို လုပ်နေတာလား? ဘယ်သူလဲလို့လဲ မမေးချင်တော့ပါဘူး။ တမင်လုပ်ချင်လို ့လုပ်နေကြတာမဟုတ်လား?"** ပြီးတော့ ကိုယ့်ကိုကိုယ် ပြန်သုံးသပ်မိတယ်။

**"ငါ ဘာများ ပြဿနာ လုပ်ထားတာရှိလည်း? ဘာမှလည်းမရှိဘူး။** အဲဒီလူတွေဟာ တေဇရဲ့ ထောင်ဝင်စာတွေက တချို့ကိုအမြဲခိုးထားလေ့ ရှိတတ်ကြတယ်။ သူတို့ကို လွှန်ခဲ့တဲ့ နှစ်ပါတ်လောက်တုန်းက ဆံပင်ညှပ်ချင်ပါတယ်လို့ တင်ပြတာဘဲရှိတယ်။ မုတ်ဆိတ်မွှေးလည်း ရိတ်ချင်တယ်ဆိုတာ ပြောတာဘဲရှိတယ်။ အခုထက်ထိတော့ ဘာမှအဖြေမရသေးဘူး။ မနေနိုင်တော့လို့

**"ဟေ့ အပြင်ဘက်က ဘယ်သူလဲ"**လို့ အော်ပြီး မေးမိပါတယ်။ အဲဒီအခါကျတော့မှ တဖက်မှ

ကိုစိန်ယုံ အသံကြားရတော့တယ်။

**"ဘယ်သူဖြစ်ရမှာလည်း မင်းဆီလာစရာ ငါဘဲရှိတယ်။ ဘယ်က မင်းအဖေတွေလည်း လာမလဲ? အဲဒီတော့**

**တေဇ။ ။ကျနော်မေးတာကြာပြီ ဘာလို့ပြန်မထူးတာလဲ။**

**ကိုစိန်ယုံ။ ။ဟေ အခု ပြန်ထူးနေပြီလေကွာ။ ဟား ဟား ဟား။** လို့ ရယ်လိုက်တယ်။

**တေဇ။ ။တံခါး မြန်မြန်ဖွင့်တော့လေ။ ဒီမှာ ထမင်းသိပ်ဆာနေပြီဗျ။ ဘယ်သွားနေလို့ ဒီလောက်တောင်နောက် ကျနေရတာလဲ။** ဒါပေမဲ့ ဟိုဘက်က (၅)မိနစ်လောက် အသံတိတ်သွားပြန်တယ်။ နောက်တော့

**ကိုစိန်ယုံ။ ။မင်းတော်တော်လန့်သွားလား? ငါ့ကို သရဲ လို့ များထင်နေပြီလား?**

**တေဇ။ ။ခင်ဗျားကို သရဲလို့တော့ မထင်ဘူး။ ကမ္ဘာမှာ အရူးဆုံးလူလို့ဘဲ ထင်တယ်။** တံခါးဖွင့်သံနှင့်အတူ ရယ်သံတွေပါရောက်လာပါတယ်။

**ကိုစိန်ယုံ။ ။ တေဇ မင်းဒီလောက် စိတ်မလှုပ်ရှားပါနဲ့ကွာ။ ငါအပြင်မှာ ကွမ်းယာ လုပ်နေလို့ ကြာနေတာပါကွာ။** လို့ ကိုစိန်ယုံ ဖြေလိုက်တယ်။

ပန်းကန်ပြားနဲ့ထမင်းကို ကော်ပြီး တေဇ ပန်းကန်ထဲထည့်လိုက်တယ်။ သေသေချာချာ မထည့်လို့ထမင်းတချို့တဝက် ကြမ်းပြင်ပေါ် ကျသွားတယ်။ အခုဆိုရင် ကိုစိန်ယုံ တေဇကို တိုက်ပိတ်ခန်း ဘက် အလုပ် လာလုပ်နေတာ (၁)လခွဲလောက်ရှိပြီ။ ဒါပေမဲ့ ကိုစိန်ယုံ ပြန်ထွက်သွားတိုင်း တေဇစိတ်ထဲမှာ ကိုစိန်ယုံကို သရဲတစ္ဆေ ဂြိုလ်သားလိုဘဲ မြင်နေမိတယ်။ အမြဲကွမ်းကို ဝါးနေတတ်တော့ သွားတွေဟာလည်း ကွမ်းယာကြောင့် အညိုရောင်နဲ့ကြည့်ရဆိုးလှပါတယ်။ ကိုစိန်ယုံဟာ အသားဝါသလို မျက်လုံးလည်း ဝါတာတာဘဲ တချို့ပြော သလို ဆီးချိုရောဂါသည် ဖြစ်နိုင်တယ်။

သူ့ရဲ့ ကျို့တို့ကျဲတဲ ဆံပင်နဲ့ ပြောင်နေတဲ့ ခေါင်းကို ဖုန်းထားတယ်။ တကယ်ဆို ကိုစိန်ယုံရဲ့ အမွေးတွေ ထဲက အရှည်ဆုံးအမွေးဟာ ဆံပင်မဟုတ်ဘဲ၊ မှဲ့ ပေါ်မှာ ပေါက်နေတဲ့ အမွေးဟာ အရှည်ဆုံးဖြစ်တယ်။ တေဇ စကားစပြောလိုက်တယ်။

**တေဇ။ ။ကိုစိန်ယုံ ဘာများဖြစ်လို့ ဒီလောက်ကြာနေတာလည်း? ကိုစိန်ယုံက ရယ်သံနှောလိုက်ပြီး**

**ကိုစိန်ယုံ။ ။ငါ့မှာ အရေးကြီးတဲ့ သတင်းတွေ နားထောင်နေရလို့ နောက်ကျနေတာပေါ့ကွာ။** လို့ပြောလိုက်တယ်။ တေဇကို လက်ဟန်နဲ့ ပြပြီးတော့၊

**ကိုစိန်ယုံ။ ။ထိုင်ချစမ်းပါ။ မင်းဒီလောက် ခေါင်းမာမနေနဲ့။ ငါ့မှာ မင်းစိတ်ဝင်စားမဲ့ သတင်းကောင်းပါလာတယ်။** တေဇ ခေါင်းကုတ်နေမိတယ်။ နောက်တော့

**ကိုစိန်ယုံ။ ။ ငါအခုပြောမဲ့ စကားက မင်းသိပ်သိချင်နေတဲ့ ဒေါ်အောင်ဆန်းစုကြည်အကြောင်းဘဲ။ အဲဒီကျမှ တေဇ တဖြည်းဖြည်း ထိုင်ချလိုက်တယ်။**

**ကိုစိန်ယုံ။ ။ ဟားဟားဟား မျောက်ကလေး ငါဒီ အကြောင်းတွေ ပြောရင် မင်းသိပ်စိတ်ဝင်စား သွားမယ်ဆိုတာ သိပြီးသားပါကွာ။**

**တေဇ။ ။ ဘာအကြောင်းတွေ ထူးလို့လဲ?**

**ကိုစိန်ယုံ။ ။ အဲဒီအကြောင်းတွေ ထူးလို့ဘဲ မနေ့က ထမင်းတနပ် လွှတ်သွားကြတာပေါ့။ အခု ဒေါ်အောင်ဆန်းစုကြည် နေအိမ်က အကျယ်ချုပ်က လွှတ်လိုက်ပြီလေ။ ပျော်စရာ မကောင်းဘူးလား? အခုဆိုရင် ရာထောင်ချီတဲ့ သတင်းထောက်တွေ တက္ကသိုလ်ရိပ်သာ လမ်းမပေါ်က ဒေါ်စုခြံရှေ့မှာ တရုန်းရုန်းနဲ့ နေမှာဘဲ။ သတင်းထောက်တွေက တကမ္ဘာလုံးက လာကြတာ။ အခု ရွှေတိဂုံဘုရားထက် စိတ်ဝင်စားစရာ တွေ့နေပြီ။** ကိုစိန်ယုံက လက်နဲ့ကင်မရာ ရိုက်ပုံကိုလုပ်ပြပြီး ပါးစပ်က တချောက်ချောက်နဲ့ ကင်မရာ ရိုက်နေတယ်။ **"ငါ အခု နီကွန် ကင်မရာ ကောင်းကောင်း ရိုက်တတ်နေပြီလေ။ ဒေါ်စု လွှတ် သွားပြီ။**

**တေဇ။ ။ဘယ်လိုလုပ်ပြီး ဒီလိုသတင်းတွေ သိတာလဲ?**

**ကိုစိန်ယုံ။ ။မင်းကလည်း ဒီသတင်းထူးတွေ မျိုးဆိုတာ အချုပ်ခန်းတိုင်း သိကြတာဘဲ။ ထောင်ဝါဒါတွေ**

ယူလာတဲ့ သတင်းဖြစ်မယ်။ သူတို့က အပြင်လောကနဲ့ အမြဲတွေ့နေကြလူတွေ မဟုတ်လား။ အဲဖြစ်နိုင်တာ တခု တော့ရှိတယ်။ ဒါပေမဲ့ သတင်းအားလုံးတော့ တိတိကျကျတော့ မသိရသေးဘူး။ အချုပ်ခန်း၊ အကျဉ်းခန်းတိုင်းက လူတွေလည်း အဲဒီသတင်းကြောင့် ရူးကြောင်၊ မူးကြောင်ဖြစ်ကုန်ကြပြီ။ သေချာတော့ မသိဘူး။ လွန်ခဲ့တဲ့ (၂)ရက်လောက်ကတည်းက စကြားရတာဘဲ။ ဗမာပြည်ကြီး အတွက်တော့ ကံအကောင်းဆုံးနေ့တနေ ဖြစ်သွားပြီပေါ့။

"ငါတို့ရဲ့ ကယ်တင်ရှင်ကြီး ဒေါ်အောင်ဆန်း စုကြည်ရဲ့ သတင်းဟာ သူရခဲ့တဲ့ နိုဘယ်ဆုထက် အခုပိုပြီး သတင်းကြီးလာတယ်ကွာ။ ဒေါ်စု နာမည်ပိုကြီးလာတာပေါ့ကွာ။ အခုဆိုရင် လူတွေဟာ သူတိုသဘောကျတဲ့ ဒေါ်စုကို အားရပါးရ ဓါတ်ပုံ အမျိုးမျိုးရိုက်ပြီး သိမ်းထားနိုင်ကြပြီပေါ့ကွာ။ ဒေါ်စုဟာ တကယ်ကို ချစ်စရာကောင်းတဲ့ အမျိုးသမီးချောတယောက်ဘဲ။" ကိုစိန်ယုံရဲ့ ရွှေသွားတွေ လက်ခနဲ ဖြစ်သွားပြီး စကားဆက် လိုက်တော့။

"သူများတွေ ပြောသံအရတော့ ဒေါ်စု တော်တော်ပိန်သွားတယ် ဆိုဘဲ။ ဒါပေမဲ့ ငှက်ပျောသီး၊ နွားနို့တွေ သောက်လိုက်ရင် ပြန်ကောင်းသွားမှာပါကွာ။" တေဇ ကိုစိန်ယုံကားကို ယုံချင်ပေမဲ့ ယုံတဝက် မယုံတဝက် ဖြစ်နေတယ်။ ဘယ်လိုခံစားရမလဲ မသိပါ။ တခါတလေ ကိုစိန်ယုံဟာ တကယ့်အတည်ပေါက်နဲ့ သူ့ကိုနောက်တတ်တယ်လေ။ ပြောလို့မရဘူး။ ဒါကိုစိန်ယုံ လုပ်ကြံပြောတာလည်း ဖြစ်နိုင်တာဘဲ။ ကိုစိန်ယုံ က တေဇမျက်နှာကို ကြည့်ရင်း

ကိုစိန်ယုံ။ ။ အေး မင်းမယုံချင်နေပါ။ မကြာခင်မှာ မင်းကိုယ်တိုင် နားနဲ့ကြားရမှာဘဲ။ တေးဆိုငှက် မင်းကိုခင်တဲ့ ထောင်မှူးလေး ကိုချစ်နိုင်လာတဲ့အခါ မင်းသေသေချာချာ သိရမှာပါ။ အခြေနေတွေအားလုံး တည်ငြိမ်အေးချမ်း သွားရင်သူမင်းဆီ ကိုယ်တိုင်လာတွေ့ပြီး ဒီအကြောင်းတွေပြောမှာပါ။

ကိုချစ်နိုင်အကြောင်း စဉ်းစားနေရင်း သူနဲ့ ကိုချစ်နိုင်ရင်နှီး ခင်မင်တဲ့ ကိစ္စကို ကိုစိန်ယုံတောင်သိရင် ထောင်ပိုင်ကြီး၊ ထောင်မှူးကြီးလည်း သိချင်သိမှာ ဘဲလို့ ထင်မိတယ်။ ဒါကြောင့် ကိုချစ်နိုင်အကြောင်း မစဉ်း စားတာကောင်းမယ်လို့ ဆုံးဖြတ်လိုက်တယ်။

တေဇ။ ။ထောင်မှူး ကိုလူချော ဒီနေ့ ခင်ဗျားနဲ့ အတူ ဘာဖြစ်လို့ မလိုက်လာတာလည်း? ခါတိုင်းလိုလို အတူတူ ပါလာတတ်တာဘဲ။

ကိုစိန်ယုံ။ ။ မင်းတော်တော်ချစ်စရာကောင်းတဲ့ ကောင်လေးဘဲ။ ဘာလဲ ထောင်မှူးလေး ကိုလူချောကို သိပ်သတိ ရနေသလား? ငါအခုခေါ်ပေးရမလား။ တိုက်ပိတ်ဆောင် အဝင်ဝမှာ ဆေးလိပ်သောက်ရင်း အထဲ မလိုက်ချင်လို့နေခဲ့တယ်။ မင်းလည်းသိတဲ့ အတိုင်းဘဲ။ ထောင်မှူးလေး ကိုလူချောက တိုက် ပိတ်ခန်းတွေကို မနှစ်မြို့ဘူး။ လာဒ်တိတ်တဲ့ နေရာတွေလို့ သတ်မှတ်ထားတယ်။ ဒါကြောင့်တတ်နိုင်ရင် သူမဝင်ဘူး။ ကြွက် တွေဟာ ဟိုပြေး ဒီပြေးနဲ့ သူကြွက်ကို သိပ်မုန်းတယ်။ ကြွက်တွေကို ကြောက်လည်း ကြောက်တယ်။ ထောင်မှူး လေး ကိုလူချော ရယ်စရာ မကောင်းဘူးလား?

တေဇ။ ။ကြွက်ဆိုလို့ နေပါဦး။ ကျနော်မေးထားတဲ့ ရေချိုးဖို့ကိစ္စလေး ဘယ်တော့လုပ်ပေးမှာလဲဗျာ? လိုက်ပို့ပေးမှာလား?

ကိုစိန်ယုံ။ ။မင်းဘာတွေတွေးပြီး ကြံနေလဲ ငါလဲမသိဘူး။ သူတို့တတွေက ငါ့ကိုခိုင်းမှာ ငါ့မှာလုပ်ပိုင်ခွင့် ရှိတာ မင်းသိသားဘဲ။

တေဇ။ ။အဲဒါဆိုရင် ကိုလူချောမေးပေးပါလား? ကျနော်ရေချိုးချင်လို့။

ကိုစိန်ယုံ။ ။သူတို့တတွေ မင်းကို အခေါင်းလို အခန်းမျိုးမှာထားတာ ဘာကြောင့်လဲဆိုတာ မေးကြည့်စမ်းပါ။ တကယ်ဆိုရင် ထောင်မှူးလေး ကိုလူချော ဟာ ဒီတိုက်ပိတ်အဆောင်ရဲ့ စကြိန်ကို တဝက်တောင် လမ်းလျှောက်ချင်တဲ့ လူမဟုတ်ဘူး။ သူတို့က မင်းကို သုခ ပေးဘို့ထက်၊ ဒုက္ခပေးမဲ့ လူတွေဘဲ။ သူ့အကြောင်း

မင်းလဲ သိသားဘဲ။ သူ့ခေါင်းထဲမှာ အမှိုက်တွေဘဲ ရှိတယ်။ မင်းနားမှာထိုင်ပြီး သူဆေးလိပ်သောက်တတ် ပေမဲ့ မင်းကိုတလိပ်တိုက် ဘူးလား? နိုင်ငံရေးသမား လေး တေဇရယ် ဒါတွေကိုမေ့ထား စမ်းပါကွာ။

တေဇဟာ ကိုစိန်ယုံစကားကို သဘောကျစွာ ရယ်မောမိတယ်။

ကိုစိန်ယုံ။ ။အေး ရယ်ရယ်။ ကောင်းကောင်းရယ်။ အားရပါးရ ရယ်။ ပြီးတော့မှ ထောင်မှူးလေး ကိုလှူချောနှိပ် စက်သမျှ ခံရမဲ့ ငပေါကောင်ဘဲ။

တေဇ။ ။ကိုစိန်ယုံ ကျနော် လက်ခံယုံကြည်ထား တာရှိတယ်။ ခင်ဗျားဟာ နေ့တိုင်း ရေချိုးရတယ်။ ခင်ဗျား လက်မောင်းတွေ၊ ပုခုံးတွေမှာ ကုတ်ချစ်ရာ တွေ မရှိဘူး။ သန့်နေတယ်မဟုတ်လား။ ကျနော့်မှာ ရေမချိုးရလို့ ညစ်ပတ်လွန်းလို့ ဂျပိုးကိုက်တဲ့ ဒဏ်တွေကြောင့် ယားပြီးကုတ်ထားရလို့ အသားတွေပဲ့ပြီး စုတ်ပြတ်နေပြီ။ အဲဒီအကောင် သေးသေးလေးတွေ ကျနော့်လက်မောင်းထဲဝင်ပြီး သွေးသောက်ဖို့ ဥမင်လိုဏ်ခေါင်းတူးနေကြ တာ။ ခင်ဗျားက သစ်သီး၊ သစ်ရွက်နေ့တိုင်းစားနေရမှာပါဗျာ။ ခင်ဗျားပြောပြော နေတဲ့ တောင်ယာစိုက်ခင်းအ အကြောင်း သိပ်သတိရ တယ်ဗျာ။ ဘယ်လောက် လွတ်လပ်မလဲနော်။ ကျနော့်မှာ တံခါး(၂)ထပ်နဲ့ တိုက်ပိတ် အခန်းကျဉ်း ကျဉ်းလေး ထဲမှာ တယောက်ထဲဗျာ။ ကျနော့်ကို ဆုံးမလမ်းပြ မနေပါနဲ့ဗျာ။ ကျနော်သိပါတယ်။ လို ချင်တာတောင်း မိရင်လည်း သူတို့ဆီက ပြန်ရစရာဆိုလို့ ရက်ရက်စက် စက် ရိုက်နှက်ညဉ်းဆဲတာဘဲ ရှိမှာပါဗျာ။ ခါတိုင်းထက် တောင် ပိုဆိုးသွားနိုင်ပါတယ်။

ကိုစိန်ယုံ ကွမ်းတံတွေး ထွေးလိုက်ရင်း "ကဲတော်ပြီ ဒါအလုပ်လုပ်စရာတွေရှိသေး တယ်။"တိုးတိုး လေး အနားကပ်ပြီး "ထောင်မှူးလေး ကိုလှူချောက တကယ်ဆိုရင် ရေချိုးခန်းဘက် ဘယ် တော့မှ မသွားချင် ဘူး။ အဲဒီမှာ ကြွက်တွေ အများကြီး ရှိတယ်။ သူဟာ ကြွက်တွေကို သိပ်ရွံတယ်။ ကြောက် တယ်။ ရေချိုးခန်း ဖက်ကို ဘယ်တော့မှမလှည့်ဘူး။ သူ့အကြောင်းသိတော့ ငါလည်း သူ့ကို အပြစ်မတင် ရက်ပါဘူး။ ဘာတတ် နိုင်မလဲ သူမှမကြိုက်တာ။ ကောင်လေး သီးခံပြီးတော့ စောင့်ပါကွာ။ အားလုံး တဖြည်းဖြည်းနဲ့ အဆင်ပြေ သွားမှာပါ။ မင်းအတွက် ငါရေ တခေါင်းဘူးထပ်ခပ်လာပေးတယ်။ မင်းကိုယ် လက် သန့်ရှင်းလို့ ရတာပေါ့ ကွာ။ ကံကောင်းရင် တခြားထောင်မှူး တယောက်က မင်းကို ရေချိုးဖို့ လာခေါ်ရင် ခေါ်နိုင်တာဘဲ။"

"တေဇ ငါဟာ ထောင်မှူးတွေရော၊ ထောင်ကျတွေရော လက္ခဏာကြည့်ပေးနေကြဘဲ။ လက်တွေ ကို ကြည့်ရင်းနဲ့ သူတို့အကြောင်း၊ သူတို့စိတ်ဓါတ်တွေသိလာတယ်။ နောက်ပြီး လူတွေ အကြောင်းမင်းသိ သားဘဲ။ လက္ခဏာကြည့် ပေးတဲ့ ဆရာရဲ့ စကားဆို အမြဲယုံကြည်တတ်ကြတယ် မဟုတ်လား။ ငါသူတို့ကို ပိုင်ပါတယ်ကွာ။ ငါပြောရင် ယုံကြတာဘဲ။ အခုဆိုရင် ထောင်မှူးလေး ကိုချစ်နိုင်ရဲ့ လက္ခဏာတောင် ငါကြည့် ပေးပြီးပြီ။ လက္ခဏာ ကြည့်ချင်တဲ့လူတွေ များလာလေလေ ငါ့တို့လို လက္ခဏာဆရာတွေ အနေချောင်လာ တပေါ့။ ပြော လို့ မရဘူး။ ငါတို့လို ဗေဒင်လက္ခဏာဆရာတွေ စစ်ဗိုလ်ချုပ်ကြီးတွေထက် ဝင်ငွေ ကောင်းချင် ကောင်း လာနိုင်တယ်။"

"မင်းသောက်ဖို့ ငါဆေးလိပ်(၂) လိပ်ယူ လာတယ်။ သောက်မလား? တေဇ စိုက်ကြည့်ရင်း ဘာမှ ပြန်မပြောပါ။

ကိုစိန်ယုံ။ ။မင်း ဆေးလိပ်မသောက်တော့ဘူးလား။ မင်းမှာဖတ်စရာဆိုလို့ ဒီဆေးလိပ် ဖင်စီခံထဲက စက္ကူ ဖြတ်ပိုင်းလေးတွေဘဲ ရှိတယ်မဟုတ်လား။ ဆေးလိပ် သောက်ရင်းနဲ့ သတင်းဖြတ်ပိုင်းလေးတွေ မဂ္ဂဇင်း၊ ဂျာနယ် ဖြတ်ပိုင်းလေးတွေ ဖတ်လို့ရတာပေါ့။

ကိုစိန်ယုံက တေဇမျက်လုံးကို စိုက်ကြည့်နေရင်းမှာဘဲ ပုခုံးကို လှမ်းဖက် လိုက်တယ်။ အဲဒီတော့ တေဇဟာ ကိုစိန်ယုံလက်ထဲက ဆေးပေါ့လိပ်ကို ယူလိုက်ရင်း

တေဇ။ ။ထောင်ဝင်စာတွေ ဘယ်မှာလဲ? ဟု

ကောက်ကာ ငင်ကာမေးချလိုက်တယ်။

**ကိုစိန်ယုံ။ ။ညီလေး ငါ့ကို သူတို့ ဘာမှ မပြောသေးဘူး။ ငါမသိဘူး။ သူတို့ ပြောရင် ငါဟာတွေ သွားယူပြီး မင်းဆီလာပို့ပေးမယ်နော်။** ကိုစိန်ယုံ တေဇရဲ့ သေးအိုးသေးသေးလေးလေး လှမ်းယူနေစဉ်

**တေဇ။ ။ဒေါ်အောင်ဆန်းစုကြည် အကြောင်းဘာထပ်ကြားသေးလဲ။ သူလူထုနဲ့ စကားပြောခွင့်ရပြီလား။ လူထုနဲ့ရော တွေ့ပြီးပြီလား?** ဟုမေးလိုက်တယ်။

**ကိုစိန်ယုံ။ ။တော်ပြီ ကောင်လေး၊ ဒီနေ့အဖို့ ဒီလောက်ဘဲ ငါအခု မင်းအခန်းထဲမှာ တော်တော်ကြာ နေပြီ။ အလုပ်တွေ လုပ်စရာ တပုံကြီး ကျန်သေးတယ်။ မင်းသူငယ်ချင်း ထောင်မှူးလေး ကိုချစ်နိုင်လာတဲ့ အခါ အားရ ပါးရ မေးကြည့်ပေါ့ကွာ။ မင်းအပါအဝင် ထောင်ထဲလူတိုင်း ဒီအကြောင်း စိတ်ဝင်စားနေကြတာဘဲ။ လူတိုင်း ဒီအကြောင်းဘဲ လိုက်မေးနေကြတယ်။ အဲ...ဒါပေမဲ့နော် ဒေါ်စုကို သူတို့(ဗိုလ်ချုပ်)တွေ ဘယ်တော့များ လုပ်ကြံကြဦး မလဲ မသိဘူး။ ကောင်းကောင်းလွှတ်ပေးတယ် လို့တော့ ငါမထင်ဘူး။**

**“ဖအေတူ သမီးဆိုပြီး လုပ်ကြံချင် လုပ်ကြံကြဦးမှာဘဲ။ တကယ်ဆိုရင် ဒေါ်စုဟာ နေအိမ်မှာ အကျယ်ချုပ်နေရတာက အသက်လုံခြုံမှု ရှိဦးမယ်။ ငါတို့အားလုံးရဲ့ သူရဲကောင်း ဒေါ်စု မဟုတ်လား။ သူ့အဖေ လုပ်ကြံခံရတဲ့ အထဲမှာ လုပ်ကြံတဲ့ လူတွေထဲမှာ ဦးနေဝင်းတောင် ပါသလိုလို ပြောနေကြတယ်။**

**တေဇ။ ။ ဗိုလ်ချုပ်တွေ ဒေါ်စုကို မထိရဲပါဘူး။ တ ႔ကို ခိုးခိုးထားတဲ့ လူတွေကို ပြောတာ။**

**ကမ္ဘာလုံးက စောင့်ကြည့်နေတာကို မမေ့နဲ့လေ။ ဒေါ်စုရဲ့ အောင်မြင်ကျော်ကြားမှု၊ ထင်ပေါ်မှုဟာ တကမ္ဘာလုံး သိကြတာဘဲ။**

**ကိုစိန်ယုံ။ ။ ညီလေး မင်းပြောတာတွေက ဟုတ်ပါတယ်။ မင်းကို ငါငြင်းဆန်နေတာမဟုတ်ပါဘူး။ ဒါပေမဲ့ ငါ့ လက်ထဲ မင်းသေးအိုးကြီးကို အကြာကြီး မကိုင်ထားပါရစေနဲ့ကွာ။ သွားသွန်လိုက်ဦးမယ်။ ထောင်ထဲက တချို့လူတွေက ဒေါ်စုဘယ်နေ့လောက်ဆို အလုပ်ကြံခံရရင် ခံရမယ်ဆိုပြီး လောင်းနေကြတဲ့သူတွေ ရှိသေးတယ်။”** (၅)မိနစ်လောက်ကြာတော့ သေးအိုးနဲ့အတူ ပြန်လာတယ်။

**တေဇ။ ။ သေးအိုးက ဒီတခါ သန့်ရှင်းလှပါလား။ ဘာလဲကြွက်တွေကို လျှာနဲ့ ဝိုင်းလျှက်လိုက်သလား?**

**ကိုစိန်ယုံ။ ။ စိတ်မပူပါနဲ့၊ မင်းသေးအိုးက မကြာခင်ပြန်ပြီး ညစ်ပတ်သွားမှာ။ မင်း ငါ့သူငယ် ချင်းဖြစ်တဲ့ အတွက် စိတ်စေတနာနဲ့ သေသေချာချာ လုပ်ပေးတာပါကွာ။**

**တေဇ။ ။ ကျေးဇူးတင်ပါတယ်ဗျာ။ တကယ်ပြောတာပါ။**

**ကိုစိန်ယုံ။ ။ ဘာဘဲဖြစ်ဖြစ် မင်းတို့ သေးတွေ၊ ချီးတွေ သွန်တဲ့အလုပ်လုပ်ရတာ ငါ့အတွက်လည်း အကျိုးရှိပါတယ်။ ဒါမှထောင်ဒဏ် မြန်မြန်လျော့သွားမှာ မဟုတ်လား။ ဒီနည်းလမ်းဟာလည်း ထောင်ထဲက အမြန် လွတ်မြောက်ရေး လမ်းစဉ် တခုထဲမှာ ပါတယ်လေ။**

**တေဇ။ ။ ကျနော်ဝမ်းသာပါတယ်။ ခင်ဗျား လွတ်မြောက်ရေးအတွက် တဖက်တလမ်းက ပါဝင်ခွင့်ရတာ ကိုး။ နောက်တခါ ထောင်ဝင်စာ မရရင်တော့ ကျနော် အစာမစားတော့ဘူး။ အစာငတ်ခံ ဆန္ဒပြတော့မယ်။ သူတို့ကို ဒီအတိုင်းပြောလိုက်ပါ။**

**ကိုစိန်ယုံ။ ။ သူတို့ ဟုတ်လား? ဘယ်က လူတွေကို ပြောရမှာလဲ?**

**တေဇ။ ။ သူတို့ဆိုတာ ကျနော် ထောင်ဝင်စာတေ**

**ကိုစိန်ယုံ။ ။မင်းဟာ အရူးနိုင်ငံရေးသမားဘဲ။ တေဇ မင်းအစာငတ်ခံ ဆန္ဒပြမယ်ဆိုတာကို သိပ်မြင့်တဲ့ဂုဏ် တခုလို့ ထင်နေသလား? ဘာမှပြောမနေနဲ့။ မင်းစားစရာရှိတဲ့ အခု မနက်ထမင်းဘဲ စား။**

**တေဇ။ ။ကျနော့် ထောင်ဝင်စာမှာ ငါးခြောက်လေး တကောင်ဘဲ ကျန်တော့တယ်ဗျာ။ ဘယ်သူတွေ**

**ဖြတ်ခုတ်သွားကြသလဲတော့ မသိဘူး။**

**ကိုစိန်ယုံ။ ။အေးအေး...ငါသိပါတယ်။ ငါးခြောက် လေး တကောင်ဘဲ ထောင်ဝင်စာရလို့ တေဇ တကောင် ထောင်ထဲမှာ သေတော့မယ်လို့။**

**တေဇ။ ။ ဘာဘဲ ဖြစ်ဖြစ် ဒေါ်စု လွတ်တဲ့ အထိမ်း အမှတ် အနေနဲ့ သီချင်းအော်ဆို မယ်ဗျာ။ ထောင် တခုလုံး ဆူသွားအောင်ပေါ့။**

**ကိုစိန်ယုံ။ ။ ဘာလဲ သွားတွေ ကျွတ်ချင်ပြီလား? မင်း သွားတွေ နှုတ်ချင်ရင် ငါ့မှာ ဒီထက်ကောင်းတဲ့ နည်း လမ်းကောင်းတွေ အများကြီးရှိပါတယ်။ မပူပါနဲ့။ ငါ့ကူညီနိုင်ပါတယ်။ နာရင်လည်း ငါမင်းကို ပါရာ စီတမော(paracetamol) ပေးမယ်ကွာ။** တကယ်ဆိုရင် ကိုစိန်ယုံ ဆိုတဲ့ လက္ခဏာဆရာဟာ အဖက်ဖက်က ကျွမ်းကျင်တဲ့ လူဘဲ မဟုတ်လား။ ဟား ဟား ဟားလို့ ရယ်မောပြောဆိုရင်း တေဇ အခန်းထဲ က ထွက်သွားပါတော့တယ်။ တံခါး ပြန်ပိတ်သံ၊ မင်း တုန်း ထိုးလိုက်တဲ့အသံနဲ့ ခြေသံတွေဟာ တဖြည်း ဖြည်း ပျောက်ကွယ်သွားပါတော့တယ်။ တယောက်ထဲ အထီးကျန် ရပြန်ပြီပေါ့။

# အိမ်မြှောင်လှောင်အိမ်
# အခန်း (၅)

ကိုစိန်ယုံ ထွက်သွားပေမဲ့ ကွမ်းယာအနံ့ အသက်ဟာ အခန်းထဲမှာစွဲကျန်ရစ်ခဲ့ပါတယ်။ စိတ်ညစ်စွာ နဲ့ ခြေဆောင့်မိတယ်။ ဒါပေမဲ ပိုးဟပ်တွေက မကြောက်ကြပါဘူး။ တေဇဟာ ပိုးဟပ်တွေကိုတော့ မသတ်ရက်ပါ ဘူး။ ထမင်းလုံးလေးတွေစုပြီး ပိုးဟပ်အတွက်ထားလိုက်တယ်။ ထမင်းပန်းကန်ကို အခန်းအလယ်မှာ ချထား လိုက်ပြီး ထမင်းစစားလိုက်မိတယ်။ စားတော့မဲ့ ထမင်းလုပ်ကို ငေးကြည့်နေမိတယ်။ အရောင်လုံးဝမပါတဲ့ ပဲဟင်း နဲ့ ရောနယ်ထားတဲ့ ထမင်းတလုတ်ကို မနည်းမျိုချနေရတယ်။ အရသာဆိုတာ ဘာမှမရှိ။ ငါးပိတကောင်ပေး ထားတော့ ငါးပိလေးနန်နဲရောစားလိုက်မှဘဲ စားဝင်တော့တယ်။ ထုံးစံအတိုင်း ပဲရည်ကြည်ဟင်းနဲ့ ငါးပိတကောင် ဘဲပေါ့။

ညနေစာမှာတော့ မနက်နဲ့ သိပ်မတူပါ။ များသောအားဖြင့်အရွက်တွေကို ရောပြီး ပြုတ်ထားတဲ့ ဟင်းရည်။ တခါတလေ မြက်တွေလည်း ပါလာသလို တီကောင်တွေလည်း ပါလာတတ်ပါတယ်။ အမြဲတမ်းပါတာ ကတော့ သဲတွေဘဲ။ အရွက်တွေကို ဆေးကြောခြင်းမရှိဘဲ ဟင်းရည်ရေလုံပြုတ်ထားပြီး လုံးတီးတမင်းနဲ့ ငါးပိ တကော်ဖြစ်ပါတယ်။ ထမင်းလုံးလေးတွေနဲ့ မတင်းတိမ်နိုင်ကြတဲ့ ပိုးဟပ်တွေ တေဇဘက်ကို ရွေ့လာကြတယ်။ လက်ခုတ်ကျယ်ကျယ်တီးပြီး ချိမ်းခြောက်မောင်းထုတ်ရင်း ပါးစပ်မှလည်း မကျေနပ်သမျှစကားတွေနဲ့ ကြိမ်းမောင်း လိုက်ပါတယ်။ ထွက်သွားကြ ဘူဇ္ဇာတွေ၊ အရင်းရှင်တွေ၊ သွေးစုပ်ဖုတ်ကောင်တွေ စသဖြင့်ပေါ့။

**အရှုက်တွေကို ရောပြီး ပြုတ်ထားတဲ့ ဟင်းရည်၊ တခါတလေ မြက်တွေလည်း ပါလာသလို တီကောင်တွေလည်း ပါလာတတ်ပါတယ်၊ အမြဲတမ်းပါတာ ကတော့ သဲတွေဘဲ၊ အရှုက်တွေကို ဆေးကြောခြင်းမရှိဘဲ ဟင်းရည်ရေလုံပြုတ်ထားပြီး လုံးတီးတမင်းနဲ့ ငါးပိတကော်**

တခါတလေ တေဇဟာ သူ့ရဲ့ပိန်နေတဲ့ ခန္ဓာကိုယ် ကို စစ်ဆေးနေမိတယ်။ ငေါထွက်နေတဲ့ တင်ပုဆုံရိုး၊ နံရိုးအပြိုင်းပြိုင်းတွေ ဟောင်းလောင်းပေါက်များစွာနဲ့ သွားတွေ၊ ပုခုံးထက်ပေါ်အထိ ဝဲကျနေတဲ့ ဆံပင်တွေ စသဖြင့် ထမင်းစားနေရင်း သုံးသပ်နေမိပါတယ်။ **"ဒုက္ခဘဲ"** ဒီလောက်သတိထားနေတဲ့ကြားထဲက ခဲလုံးလား၊ သံတုံးလားမသိပါ၊ ဝါးမိလို့ ဒေါက်ခနဲ မြည်သွားတယ်။ ထမင်းတွေကြားထဲ လက်ထဲ့ပြီး ခဲလုံးကို ရှာဖွေနေမိတယ်။ တခါတုန်းကလည်း လက်သဲခွံ နီးနီးလောက်ရှိတဲ့ သံတုံးလေးတတုံး ကိုက်ခဲ့ဘူးပါတယ်။

**"ရပါတယ်၊ ရပါတယ် ဒီလောက်တော့ ခံနိုင်ရည်ရှိပါတယ်"**ဆိုပြီး ကိုယ့်ဘာသာကိုယ် နှစ်သိမ့်နေမိတယ်။ ထမင်းအနှပ်တိုင်းဟာ အကျဉ်း ထောင်ထဲမှာ အလိုလိုရနေတဲ့ ငရဲခန်းတခု တခုပါဘဲ။ ကိုစိန်ယုံ ပြောသွားတဲ့ သတင်းတွေ အကြောင်းကို သေသေ ချာချာ ပြန်သုံးသပ် စဉ်းစားနေမိပါတယ်။ ဘယ်လို အခပ္ပါယ် ကောက်ရမှာလဲဆိုတာ ဝေခွဲလို့ မရသေးပါသေးပါ။ တကယ်ကိုဘဲ ဒေါ်စု နေအိမ်အကျယ် ချုပ်က လွတ်မြောက်သွားပြီလား။ ဒေါ်စုဟာ အမြဲအပြစ်ကင်းတဲ့အမျိုး သမီးဖြစ်တယ်။ ဒေါ်စု လက်ဟာ ဗိုလ်ချုပ်တွေလို သွေးမစွန်းဘူး။ ငွေတွေကို အလွဲသုံးစား မလုပ်ဘူး။ လာဒ် မစားဘူး။ သူမဟာ သူမကို ထောက် ခံအားပေးကြတဲ့ ပြည်သူတွေနဲ့ တထပ်တည်းကျအောင် နေထိုင်တယ်။ အတူတူ ဝေမျှခံစားပေးတယ်။ အရမ်းလည်း သတ္တိရှိတယ်။ လူထုနဲ့ ထပ်တူစိတ်ထားနိုင်တယ်။ ဘယ်လိုတွေ ဖြစ်နေကြပြီလည်း ဆိုတာကို အသေချာမသိနိုင်သေးတဲ့ တိုက်ပိတ် အခန်းကျဉ်းထဲမှာ တယောက်ထဲ ထိုင်းရင်းနဲ့ ဆံပင်ကို ကုတ်လိုက်၊ ခေါင်းခါလိုက်နဲ့ဘဲ အခန်းနံရံကို ငေးကြည့် ပြီးတွေဝေနေမိတယ်။

ကိုစိန်ယုံကိုလည်း ကျိန်ဆဲနေမိတယ်။ သူပေးတဲ့ ရေလေးနဲ့ တေဇ ခေါင်းဘယ်လို လျှော်လို့လောက် မှာလည်း၊ ဘယ်လို ဆေးကြောရ မှာလဲ? စိတ်ညစ်စရာဘဲ။ ခေါင်းပေါ်က ဆံပင်တွေလည်း ထောက်လှမ်းရေးတွေ စစ်ဆေးကတည်းက ဖြူလာပြီထင်ပါရဲ့။ ထောင်မှူးလေး ကိုချစ်နိုင်ပြော သွားတဲ့ အတိုင်း ဆိုရင်တော့ တေဇရဲ့ ဆံပင်တွေဟာ တော်တော်ဖြူ နေပြီလို့ ဆိုထားတယ်။ တကယ်ဆိုရင် တေဇတို့ မျိုးရိုးမှာ ဆံပင်ဖြူတဲ့လူ မရှိပါ။ အမေဆိုရင် အမြဲကိုပုတုန်းရောင်ကေသာကို ပိုင်ဆိုင်သလို အဖိုးဆိုရင် အသက်ကြီးတဲ့အထိကို ဆံပင်မဖြူဘူး။ ဒါပေမဲ့ တေဇ အခုလိုထောင်ထဲ ရှိနေတဲ့အချိန်မှာ အဖေလည်း ရဲဘက်မှာဆုံးသွားပြီ။ အောင်မင်းလည်း ဘယ် မှာလည်း မသိဘူးဆိုတော့ အမေလည်း တေဇလို ဆံပင်တွေဖြူချင် ဖြူလာနိုင်တယ်။ ဘဝဟာ တကယ်ကြမ်း

တမ်းလာပြီ မဟုတ်လား။

မိသားစုအကြောင်း စိတ်ရောက်သွားပြန်တယ်။ ပြီးတော့ သဇင်ကိုလည်း သတိရနေမိပြန်တယ်။ တေဇဟာ သူချစ်ခင်တဲ့ လူတွေရဲ့မျက်နှာတွေကို မျက်စေ့မှိတ်ရင်း တွေးမိတယ်။ သူ့ရဲ့အဒေါ်တွေ၊ ဦးလေးတွေ တက္ကသိုလ်က သူငယ်ချင်းတွေ ချစ်ခင်ရိုသေ လေးစားရသော ဆရာ၊မတွေ အပြင်လောကဟာ လယ်လိုများ အသက်ရှင် လှုပ်ရှားရုန်း ကန်နေသလဲ ဆိုတာ တွေးတောနေမိပါတယ်။ အိမ်က ဧည့်ခန်းထဲက ဘုရားစင်အောက်မှာ ချိတ်ထားတဲ့ သူတို့မိသားစု ဓါတ်ပုံကို စိတ်နဲ့ပြန်တွေးမိနေတယ်။ အိမ်နံရံပေါ်မှာလည်း မိသားစုဝင်တွေရဲ့ ငယ်စဉ်တုန်းက နုပျိုစဉ်တုန်းက ရိုက်ထားတဲ့ ဓါတ်ပုံတွေကို ပြန်မြင်ယောင်လာတယ်။

မေမေရဲ့ ပျိုရွယ်စဉ်တုန်းက ရိုက်ထားတဲ့ပုံလည်း ချိပ်ထားတယ်။ လည်းပင်းအထိ ကျယ်သီး ထပ်ထားပြီး မျက်နှာဝိုင်းဝိုင်းနဲ့ပါးချိုင့်ပေါ်အောင်ပြုံးတဲ့ နုပျိုစဉ်တုန်းက မေမေဓါတ်ပုံကို သတိရမိတယ်။ မေမေမှာငယ်စဉ်ကတည်းက သံမဏိလို ခိုင်မာတဲ့ စိတ်ဓါတ်ကို ဖေါ်ပြနိုင်တဲ့ မျက်လုံးတစုံဟာ အမြဲထင်ပေါ်ပါတယ်။ တချို့ပုံ တွေဟာ ဒုတိယကမ္ဘာစစ်ပြီး စလောက်ကတည်းက ပုံတွေဖြစ်ပါတယ်။ အဖေဖြစ်သူ ဒေါက်တာ ကျော်ဝင်း သူဟာ ပိန်ပိန်သွယ်သွယ်နဲ့ ဦးဆောင်မှု အပြည့် အဝရှိတဲ့ မျက်လုံးတစုံကို ပိုင်ဆိုင် သူဖြစ်ပါတယ်။ အဲဒီလို မျက်လုံးကို တေဇ ငယ်ငယ်တုန်းက ကြာကြာ စိုက်မကြည့်ရဲခဲ့ပါဘူး။

တေဇ လူပျိုအရွယ်လောက်ကတည်းက ဖေဖေဓါတ်ပုံဟာ ဗိုလ်ချုပ်အောင်ဆန်း ဓါတ်ပုံလိုဘဲ တေဇအတွက် အင်အားတွေပေးနိုင်ခဲ့ပါတယ်။ သူတို့(၂)ယောက်စလုံးမှာ ပညာရှိမျက်လုံးနဲ့ သတ္တိရှိတဲ့ ရုပ် ရည်တွေ တူညီစွာရှိကြပါတယ်။ တကယ်ဆိုရင် ဖေဖေ ရော၊ ဗိုလ်ချုပ်အောင်ဆန်းဟာ တေဇအတွက် တန်ဖိုး မဖြတ်နိုင်တဲ့ လူတွေဖြစ်ပါတယ်။ ဗိုလ်ချုပ်အောင်ဆန်းရဲ့ ခန်းညားထည်ဝါတဲ့ ဓါတ်ပုံတွေဟာ ဘယ်နေရာမဆိုတွေ့နိုင်ပါတယ်။ ရုံးတွေမှာ ကြည့်မလား? ကျောင်းသင်ခန်းစာတွေမှာ ဘယ်နေရာ မဆို တွေ့နိုင်ပါတယ်။

တခါတလေ ဗိုလ်ချုပ်အောင်ဆန်းရဲ့ မျက်လုံးတစုံဟာ မမြင်နိုင်သေးတဲ့ အနာဂါတ်အတွက် စိုးရိမ်ပူပန်နေသလိုဘဲ။ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ဟာလည်း အဲဒီလို မျက်လုံးတွေ ပိုင်ဆိုင်ထားတယ်။ ခိုင်မာ ပြီး တောင့်တင်းသွယ်ပြောင်းတဲ့ ခန္ဓာကိုယ်ရှိတဲ့ အမျိုးသမီးကြီးတဦးဖြစ်ပါတယ်။ အခုဆိုရင် ဗိုလ်ချုပ်ရဲ့ သမီးဖြစ်သူ ဒေါ်အောင်ဆန်းစုကြည်ဟာ တိုင်းသူပြည်သားတွေ အားကိုးယုံကြည်ရတဲ့ မိခင်ဖြစ်နေပါပြီ။ လူတိုင်း ချစ်မြတ်နိုးကြပေမဲ့ ဒေါ်စုရဲ့ ဓါတ်ပုံတွေကိုတော့ အပြင်လောကမှာ မြင်မြင်ထင်ထင် တွေ့ရဖို့ မလွယ်ပါဘူး။ သူ့ပုံကို အပြင်မှာ ကိုင်ဆောင်သူဟာလည်း အန္တရာယ်ရှိနိုင်တယ်လေ။ ထောက်လှမ်းရေးတွေက နေရာတိုင်းမှာ ရှိတယ်မဟုတ်လား။ သတင်းပေးသူ တွေ၊ ကြံ့ဖွံ့တွေဟာလည်း နေရာတိုင်း၊ ရပ်ကွက်တိုင်း၊ လက်ဖက်ရည်ဆိုင်တိုင်း လိုလိုမှာ ရှိတတ်ကြတယ်။ ဒေါ်စုကို အပြင်မှာ မမြင်ရပေမဲ့ သူ့ကိုချစ်မြတ်နိုးကြတဲ့ တိုင်းသူပြည်သားတွေရဲ့ အိမ်တိုင်းလိုလိုမှာ သူ့ရဲ့ဓါတ်ပုံ တပုံလောက်တော့ ရှိနေကြမှာသေချာပါတယ်။ တခါတေဇ လက်ဖက်ရည်ဆိုင် မှာထိုင်နေတုန်း ဒေါ်စုဓါတ်ပုံကြီးကို လွယ်အိတ်ထဲက ထုတ်ကြည့်မိတယ်။ အနားမှာ ထိုင်နေကြတဲ့ လူတွေဝိုင်း အုံပြီးကြည့်ကြတယ်။

အော်...... ဒေါ်စုကိုလူတိုင်း ချစ်မြတ်နိုးကြတယ်နော်။ ဒေါ်စုအကြောင်းကို ဝိုင်မေးကြတယ်။ သိပ်စိတ် ဝင်စားကြတယ်။ တကယ်ကို ကြီးကျယ်ခန်းနားတဲ့ ဗိုလ်ချုပ်သမီးဖြစ်သူဟာ သူမရဲ့အဖေလိုဘဲ အောင်မြင်ကျော် ကြားလှပါပေတယ်။ ဒါပေမဲ့ ဒေါ်အောင်ဆန်းစုကြည်ရဲ့ အောင်မြင်ကျော်ကြားမှုဟာ သူမဟာဗိုလ်ချုပ်သမီးဖြစ် တာတခုတည်းကြောင့်တော့ မဟုတ်ပါဘူး။ ဒေါ်စုဟာ သူ့ဘဝတလျှောက်လုံး နိုင်ငံခြားမှာ အနေများတဲ့လူ ဖြစ်ပြီး သိပ်ချမ်းသာတဲ့ အင်္ဂလန်ကိုပစ်ပြီး တကမ္ဘာလုံးနဲ့ အဆက်သွယ်ဖြတ်

ထားတဲ့ ဆင်းရဲတဲ့မြန်မာပြည်လို နေရာမျိုးမှာ လာနေတဲ့ စိတ်ဓါတ်ကို ကြည့်ရင်သိသာပါတယ်။ သူမ ဟာ မြန်မာဆန်တဲ့ မြန်မာအမျိုးသမီးတ ယောက်ဖြစ်ရုံ တင်မက ဗုဒ္ဓဘာသာတရားကိုလည်း ကိုင်းရှိုင်းသူ တဦး ဖြစ်ပါတယ်။

တေဇဟာလည်း ဒေါ်စုရဲ့ လူငယ်တပ်ဖွဲ့ ဝင် တဦးဖြစ်ပါတယ်။ လူတွေဟာ ဒေါ်စုကို အားကိုးယုံကြည် ကြတယ်။ တေဇလည်း ဒေါ်စုရဲ့ အနီးနားမှာ နေထိုင်သွားလှုပ်ရှားနေရတာကို အလွန်ကျေနပ် နေမိသူဖြစ်ပါတယ်။ (၄၃–၄၄)နှစ်အရွယ် အမျိုးသမီး တဦးဖြစ်သူ ဒေါ်စုဟာ အရွယ်တင်ရုံတင်မကဘဲ ရုပ်ရည်ခန့်ညားချောမောသူ ဆိုတာ လူတိုင်း လက်ခံကြပါတယ်။ တခါတလေ လူငယ်အဖွဲ့ အစည်းတွေရဲ့ အစည်းအဝေးတွေ ဆွေးနွေးပွဲတွေ ပြီးတဲ့အခါမှာ တေဇဟာ သူတတ်တဲ့ အနုပညာနဲ့ သီချင်းဆို ဖြေဖျော်ခဲ့ပါတယ်။

တကယ်ဆိုရင် ဒေါ်စုရဲ့ အိမ်ဝင်းထဲမှာ လူမျိုးစုံ အဖွဲ့ စည်းမျိုးစုံနဲ့ စည်ကားလှပါတယ်။ ဥပမာ ပြောရရင် နာမည်ကျော်ကြားလှတဲ့ နိုင်ငံရေးသမားကြီးတွေရယ် သတင်းထောက်တွေ ဆန္ဒပြသမားတွေ ဟာသရုပ်ရှင်သ ရုပ်ဆောင်တွေလည်း တွေ့နိုင်ပါတယ်။ လူတွေဟာ တေဇဆိုတဲ့သီချင်းကို စိတ်ဝင်စားစွာနားထောင်ကြပါတယ်။ အမိမြန်မာပြည် လူမျိုးတွေအတွက် ရည်ရွယ်ပြီး ရေးဖွဲ့ထားတဲ့ သီချင်းစာသားတွေ ဟာ လူတွေကိုဖမ်စားစေခဲ့ပါတယ်။ တကယ်ဆိုရင် တေဇဟာ ဒေါ်စုကို လေးစားဂုဏ်ယူလို့ အခုလိုရေးသားဖွဲ့ဆို ထားတာဖြစ်ပါတယ်။

ဒေါ်စုရဲ့ အပြုံးကို တိုင်းသူပြည်သားတွေ သဘောကျ ချစ်မြတ်နိုးကြပါတယ်။ ဒါပေမဲ့ တချို့ သောလူတွေဟာ ဒေါ်စုရဲ့ အပြုံးကို မုန်းတီးကြမယ်ဆိုတာ သိပါတယ်။ ဗိုလ်ချုပ်တွေအားလုံး လဲ ဒေါ်စုအပြုံးကို မုန်းတီး ကြမှာ ဖြစ်ပါတယ်။ အကြောင်းပြချက်မျိုးစုံနဲ့ သူတို့ ဒေါ်စုကိုမုန်းတီးကြတာ တိုင်းသူပြည်သားတွေ သိပါတယ်။ အဲဒီလို မုန်းကြလေ သူမဟာ ပို၍ပို၍ ထင်ပေါ်ကျော်ကြားလာတယ် မဟုတ်လား။ ဒီလောက်တောင် မုန်းနေကြ လျှက်နဲ့ ဘာကြောင့်များ ဒေါ်စုကို နေအိမ်အကျယ်ချုပ်က လွှတ်ပေးလိုက်တာလဲ?

တကယ်ဆိုရင် သူတို့ ပြောသလိုဒေါ်စုဟာ အမှန်တကယ် အကျယ်ချုပ်က လွှတ်မြောက်လာပြီဆိုရင် တိုင်းပြည်မှာ သိပ်သေချာတဲ့ ပြောင်းလဲမှုတွေဖြစ်ပေါ်လာနိုင်မှာ မဟုတ်လား။ အသက်ရှူနေတာကို ခဏ ရပ်ထားနေရင်း ဒေါ်စုအတွက် ဆုတောင်းနေမိတယ်။ ပိုးဟပ်လေးတွေ ကုပ်ခြစ်နေသံကို ကြားနေရသလို ခံစားမိ တယ်။ လက်ဖဝါးထဲမှ ခဲလုံးလေးကို လက်ညှိုးနဲ့ လက်မအလယ်မှာထား မျက်လုံးတဖက်မှိတ်လိုက်ပြီး လေဝင် လေထွက်ပေါက် သံတိုင်တွေကြားထဲကနေ အပြင်ထွက်သွားအောင် ပစ်ပေါက်လိုက်တယ်။ အကြိမ်ပေါင်းများစွာ ပစ်ပေါက်လည်း အခန်းပြင်ကို ထွက်မသွားဘဲ ပြန်ကျလာတယ်။ နောက်ဆုံးတော့ ကျောက်ခဲလေးဟာ လေဝင်ပေါက်မှတဆင့် အပြင်ဘက်ကို ချောချောမွေ့မွေ့ ထွက်သွားတာကို ဒေါ်စုလွှတ်မြောက်တာနဲ့ ရောပြီးဂုဏ်ယူမိပါတယ်။ ဒီညနေမှာ တော့ ဒေါ်စုရဲ့လွှတ်မြောက်ရေးကို ဂုဏ်ပြုတဲ့အနေနဲ့ ပျော်ပွဲရွှင်ပွဲအခမ်းအနားကို ကျင်းပဘို့ ပြင်ဆင်နေ ပါတယ်။ တိုက်ခန်းထဲမှာ ခြေနှစ်ဖက်ကိုချိတ်ပြီး သူ့ရဲ့ရှေ့မှာ ဆေးပေါ့လိပ်တွေကို ချထားပါတယ်။ ကံကောင်းတယ်လို့ ပြောရမှာက ကိုစိန်ယုံ တေဇအတွက် ဆေးပေါ့လိပ် (၂)လိပ် ဒီနေ့ ပေးခဲ့တယ်။ တကယ်ဆိုရင် ဒီပွဲကို တေဇဟာ ဆေးပေါ့လိပ်(၁၀)လိပ်လောက်နဲ့ မှကျင်းပချင်တယ်။ ပျော်ရွှင်စရာ သတင်းကောင်းအတွက် ဂုဏ်ပြုပွဲ မဟုတ်လား။ ဆေးပေါ့လိပ်ကိုသောက်ရတာထက် ဆေးပေါ့လိပ် ဖင်စီခံထဲမှာ လိပ်ထဲ့ထားတဲ့ သတင်း ဖြတ်ပိုင်းလေးတွေ၊ ဆောင်းပါးဖြတ်ပိုင်းလေးတွေ ဖတ်ချင်တာအမြဲဘဲ ဖြစ်ပါတယ်။

သူဖြစ်ချင်သလို ဆေးလိပ်(၁၀)လိပ်ရဖို့လောက်ဆိုရင် (၂)ပါတ်လောက်ကို စုရမှာဖြစ်ပါတယ်။ အဲဒီလို စုဖို့ရာမှာ ကိုစိန်ယုံတို့လို၊ ထောင်မှူး

ကိုချစ်နိုင်တို့ သူ့ ဆီလာပြီး တွေ့ တဲ့နေ့ တွေမှာ စုထား မှုဖြစ်တာ၊ တော် ယုံမဖြစ်နိုင်ပါ။ တက္ကသိုလ်မှာ တုန်းက သင်ယူခဲ့ဖူးတဲ့ ဂျပန်ရိုးရာ လက်ဖက်ရည်ပွဲမှာ လုပ်သလို လှုပ်ရှားမှုတွေဟာ ဖြည်းဖြည်းနဲ့ တည်ငြိမ်မှုရှိရမယ်။

မိသားစု ပုံရိပ်တွေပေါ်လာတယ်။ စိတ်ကူးယဉ်ထဲမှာ မန္တလေးတရုတ်တန်းက လက်ဖက်ရည်ဆိုင်ကို ရောက်သွားတယ်။ စိတ်ကူးထဲမှာ ဖိုးဖိုးဟာ ခုံတခုပေါ်မှာ ထိုင်ရင်း

## ထောင်ထဲမှာ နှိပ်စက်ပုံ တမျိုးရှိပါတယ်။ အဲဒီပုံစံဟာ အကျဉ်းသားတွေ သိပ်မုန်းတယ်။ လူဟာ ကိုယ့်ရဲ့ခြေဖျားထိပ်ပေါ်မှာ ဆောင့်ကြောင့်မထိုင်ရုံတမယ် ရပ်နေရပြီး ခြေထောက်(၂)ဖက်ကို ခွာထားရတယ်။ လက်(၂)ဖက်ကိုလည်း ခေါင်းပေါ်မှာ ချိတ်ပြီးတင်ထားရတယ်။ ခါးကို မတ်မတ်ထားရပြီး အဲဒီပုံစံကို မလှုပ်အောင်ထိန်းပြီးနေရပါတယ်။

ခြေဖဝါးပေါ် ဖင်ခုထိုင်ချပြီး ဗမာရိုးရာ ဆေးလိပ်သောက်ပွဲကြီးကို ကျင်းပနေပါ တယ်။ တက္ကသိုလ် ဒုတိယနှစ်နဲ့ တတိယနှစ်တုန်းကလည်း ဆေးလိပ်သောက်ပွဲကြီးကို ကျင်းပဘူးတာ သတိရ မိတယ်။ တခါတလေ သူ့ မွေးနေ့မှာလုပ်ဖူးတယ်။ ဆေးလိပ်ငွေ့ ကို နှာခေါင်းထဲမှာ မှုတ်ထုတ်ရင်း အတိတ်အကြောင်းတွေ ဖြည်းဖြည်း စဉ်းစားနေမိပါတယ်။

ဆေးပေါ့လိပ်သောက်နေတယ်။ ဆေးလိပ် မီးခိုးနံ့ ဟာ မြန်မာပြည်ကထွက်တဲ့ မြန်မာ့ရိုးရာဆေးလိပ်နံ့ စစ်စစ်ပါပဲ။ ထမင်းစားအပြီး၊ တရားကျင့်အပြီးမှာ လုပ်တဲ့ ဆေးလိပ်သောက်ပွဲဟာ ပို၍အရေးပါတဲ့အပိုင်းပါပဲ။ အရေးကြီးဆုံးအပိုင်းဟာ ဆေးလိပ်ဖင်စီခံထဲက သတင်းစာဖြတ်ပိုင်းလိပ်လေးကို ရွေးထုတ်တဲ့ အခန်းဖြစ်ပါတယ်။ မစုတ်မပြဲအောင် သတိထားရပါတယ်။

များ သောအားဖြင့် ဖင်စီခံများ ကောက်ရိုးအပိုင်းအစတွေနဲ့ သတင်းစာဖြတ်ပိုင်း (သို့) မဂ္ဂဇင်း၊ ဆောင်းပါးဖြတ်ပိုင်းများနဲ့ လိပ်ထားတာဖြစ်ပါတယ်။ ဆေးလိပ်တွေဟာ အရွယ်အစားမျိုးစုံရှိပြီး တချို့ကောင်းတဲ့ ဆေးလိပ်ဆိုရင် ပလပ်စတစ်တွေနဲ့ ပတ်ထားပါတယ်။ အရသာဟာလည်း သိပ်ရှိပါတယ်။ ဘာဘဲဖြစ်ဖြစ် သရဲလေး ကိုစိန်ယုံဟာ လူတော်လို့ပြောရမယ်။ အခန်တွေတိုင်းက လူတွေနဲ့ ပေါင်းတတ်၊သင်းတတ်တယ်။ တေဇ ခြေသံကိုနားစွင့်မိ တယ်။

ဘာသံမှာမကြားရတော့ သက်ပြင်းချမိပါတော့တယ်။ တကယ်လို့ တယောက်ယောက်က တေဇ ဆေးလိပ်ဖင်စီခံက ဖြတ်ပိုင်းတွေ ထုတ်နေတာကို တွေ့ရင် တေဇသက်သာမှာ မဟုတ်ဘူး။ ကိုယ်ပို့ချင်တဲ့ သတင်းတွေကို ဒီလိုဖြတ်ပိုင်းလေးတွေထဲထဲ့ပြီး တခြားတနေရာကို ပို့လို့ရတယ်မဟုတ်လား။ ဖြတ်ပိုင်းလေးတွေကို ဖြန့်ထားပါတယ်။ များသော အားဖြင့် (၁)လက်မ (၂)လက်မစတဲ့ ဆိုဒ်မျိုးစုံရှိတတ်ပါတယ်။ တခါတလေ တေဇဆီကိုလာတဲ့ ဆေးပေါ့လိပ် ဖင်စီခံတွေထဲမှာလည်း မျက်စေ့နဲ့ မမြင်နိုင်လောက်အောင် ရေးထားတဲ့ လျှို့ဝှက်စာများလည်းပါတတ်ပါတယ်။

တေဇဟာ မြို့သားဖြစ်ပေမဲ့ နယ်စုံ ရောက်ဖူးသူဖြစ်ပါတယ်။ ဆေးလိပ်ခုံတွေကိုလည်း သွားရောက်လေ့လာဖူးသူဖြစ်ပါတယ်။ ဆေးလိပ်လိပ်တာဟာ အမျိုးသမီးများသာဖြစ်ပါတယ်။ ဆေးလိပ်သမ ဆိုတာဘဲ ရှိပါတယ်။ သူတို့တွေဟာ မိမိနှစ်သက်တဲ သီချင်းလေးတွေ ညည်းရင်းနဲ့ ဆေးလိပ်လိပ်ကြပါတယ်။ ဘဝတွေဟာ ပင်ပန်းပါတယ်၊ မနက်လင်း အားကြီးမှာ ဆေးလိပ်ခုံလို့ ခေါ်တဲ့နေရာကို သူတို့ရောက်လာကြပါတယ်။ အခန်းတ ခန်းမှာ အယောက်(၅၀) လောက် ရှိပြီး မနက်(၇)နာရီမှ ညနေ(၇)နာရီလောက်ထိ အလုပ်လုပ်ကြရပါတယ်။ နေ့စဉ် မှောင်ရီပျိုးချိန်များမှ ဖုံတထောင်းထောင်းထနေတဲ့ မြေကြီးလမ်းတွေပေါ်မှာ လမ်းလျှောက်ရင်း အိမ်ပြန်ကြရပါတယ်။ ဆေးလိပ်သမများဟာလည်း များသောအားဖြင့် နယ်ခရွာသားများနဲ့ အိမ်ထောင်ကျတာများပါတယ်။ တခါတလေ ကိုယ်ဝန်ကြီးနဲ့လည်း ဆေးလိပ် လိပ်နေကြပါတယ်။ ကံမကောင်းလို့ ခလေးပျက်ကျ လည်း နောက်ထပ် ကိုယ်ဝန်ရအောင်ကြိုးစားကြပါတယ်။ တကယ်ဆိုရင် ဆေးလိပ်သမများဟာ နိုင်ငံတနိုင်ငံလုံးမှာရှိတဲ့ လူထုတွေ ဇိမ်ခံသောက်ဖို့ကြိုးစားတဲ့ လူတွေ မဟုတ်လား။ တကယ်လို့များ တတ်နိုင်ရင် တေဇ စိတ်ကူးယဉ်ထားတဲ့ အထဲမှာ သူကြိုက်တဲ့ ရုပ်ရှင်တွေ၊ ဆောင်းပါးတွေ၊ မဂ္ဂဇင်းတွေကို ဆေးလိပ်သမတွေကို အပ်ပြီး လိပ်ခိုင်းလိုက် ချင်တယ်။ ကြိုက်တဲ့ ရုပ်ရှင်မင်းသား မင်းသမီးတွေပါတဲ့ ဇာတ်ကားတွေ အကြောင်းလည်း ထဲ့ပြီးလိပ်ရင်ကောင်းမှာ ဘဲ။ အဲဒီ ဆေးလိပ်တွေသာ သူ့ဆီရောက်လာခဲ့ရင် ဇိမ်နဲ့ ဖတ်ရမယ်ဆိုပြီး စိတ်ကူးယဉ်ကောင်းနေပါတယ်။ တ ခါတလေ သိပ်စိတ်ဝင်စားဖို့ကောင်းတဲ့ ဆောင်းပါးပါတဲ့ ဖင်စီခံတွေ တွေ့ရဖူးတယ်။ သိပ်ပျော်မိတာ အမှန်ဘဲ ဖြစ်ပါတယ်။

တေဇရဲ့ မေမေဟာ သဘောကောင်းပြီး တည်ငြိမ်အေးဆေးပြီး မြန်မာဆန်တဲ့ အမျိုးသမီးကြီးတယောက်ဖြစ်ပါတယ်။ မေမေဟာ တေဇကို ဘယ်လောက်ချစ်သလဲဆိုရင် တေဇလျှို့ဝှက်ရေးပေး လိုက်တဲ့စာကို ဘတ်စ်ကားပေါ်မျာတောင် နေရောင် ဘက်ကိုထောင်ပြီးဖတ်တတ်တဲ့ သူဖြစ်တယ်။ ဘေးက လူတွေကတော့ ဘာမှ ရေးမထားတဲ့ စာရွက် အလွတ်တရွက်ကို စိတ်ဝင်စားစွာဖတ်နေတဲ့ အမျိုးသမီးကို စိတ်မနှံ့ဘူးလို့ ဘဲထင်မှာဘဲ။ ဘတ်စ်ကားပေါ်မှာ လျှို့ဝှက်စာကို မကြောက်မရွံ့ဖတ်နေသူမဟုတ်လား။ နောက်ပြီးတော့ မေမေ ဒေါ်စန္ဒာဟာ လူဝင်စားတွေအကြောင်း သိပ်သဘောကျယုံကြည်သူ ဖြစ်ပါတယ်။ အစွဲအလမ်းကြီးတတ်သူ မဟုတ်ပေမဲ့ ကလေးတွေ အရင်ဘဝအကြောင်း ပြောပြတာတွေ၊ အမျိုးတွေရဲ့ အိမ်တွေလိုက်ပြတာတွေ၊ အသက်(၈၀)ကျော် အဖိုး၊ အဖွားတွေနဲ့ ရှေးရှေးကအကြောင်းတောင် ပြောပြကြတာတွေ ရေးထားတဲ့ ဝတ္ထု၊ ဆောင်းပါးတွေ

ကို အလွန်ကြိုက်ပါတယ်။

တချို့ လူဝင်စားလေးတွေဟာ ကျောင်းမတက်ရသေးဘဲ ဘာသာစကား(၄-၅)မျိုးပြောနိုင်တဲ့ လူတွေ ရှိတတ်တယ်။ မိုင်ထောင်ချီဝေးတဲ့ နေရာတွေ၊ ရပ်ကွက်တွေ၊ လူတွေအကြောင်း အလွတ်ပြောနိုင်ပြီး အဲဒီနေရာကို သွားချင်ကြောင်း အမျိုးနာမည်တွေကို ပြောတတ်လို့ အလွန်အံ့သြစရာကောင်းလှပါတယ်။ တေဇငယ်ငယ်လူ ပျိုအရွယ်အထိ မေမေ လက်ပေါ်ကြီးပြင်းလာရင်း မေမေ့အလုပ်တွေကို ဝိုင်းကူညီပြီး မေမေနဲ့ အနေများလို့ မေမေလိုဘဲ လူဝင်စားတွေကို စိတ်ဝင်စားခဲ့ သူဖြစ်ပါတယ်။ ဒါပေမဲ့ တက္ကသိုလ်ရောက်ပြီးကတည်းက အဲဒီ အယူသည်း အစွဲအလမ်းတွေ လုံးဝမရှိတော့ပါ။ မေမေဟာ ခေတ်နောက်ပြန်နေသလို ဖြစ်နေပါတယ်။

ဆေးလိပ်ဖင်စီခံထဲက စာရွက်လိပ်ကလေးတွေဟာ တခါတလေ အလွန်တန်ဖိုးရှိတဲ့ ဆောင်းပါးတွေ ဆုံးမစာလိုဟာမျိုးတွေ နိုင်ငံကျော်စာရေးဆရာကြီးများ ရဲ့စာသားတွေပါလို့ တေဇဟာ ဖင်စီခံကို ထုတ်ပြီး ဖြတ်ပိုင်းလေးတွေ ရှာရတာကို သိပ်စိတ်ဝင်စား သဘောကျသူဖြစ်ပါတယ်။ တခါတုန်းက စာရွက်ပိုင်းလေးတခု ပေါ်မှာ ပုံနှိပ်ထားတဲ့ စာ ကြောင်းလေး တချို့ ဖင်စီခံထဲမှာပါလို့ ဖတ်ဖူးတယ်။

ကြိုက်တဲ့စာသားကတော့ **ကြွေးကြော်သံတွေဟာ သံသယတွေ ကျော်ဖြတ်သွားတယ်**လို့ ဖတ်ဖူး တယ်။ တခါတလေ ဖြတ်ပိုင်းတွေဟာ တခုနဲ့တခု အဆက်အစပ်မရှိပေမဲ့ ကိုယ်ဟာကိုယ် တွေးတောဆက်စပ်ရ တာ သဘောကျတယ်။

ဥပမာ။ ။ အမေ ယုံကြည်ခြင်း၊ ချစ်ခြင်း၊ ဆန္ဒ၊ လွှပ်လပ်ခြင်း၊ လွတ်မြောက်ခြင်း စသဖြင့် စာသားတချို့ ကို နှစ်သက်မိတယ်။ တခါကလည်း မြန်မာပြည်ရဲ့ ခံစာနေရတဲ့ ခံစားချက်စာသားများလည်း ပါဝင်ခဲ့ဘူးပါတယ်။

ထောင်ပေါင်းများစွာ အသတ်ခံရတယ်။
လွယ်ကူတဲ့ အကြမ်းဖက်မှုများ

ဆုတ်ယုတ်နေတဲ့ မြန်မာပြည်

အဲဒီစာရွက်ဖြတ်ပိုင်းလေးတွေကို လက်ဖဝါးနှစ် ဖက်ပေါ်တင်ပြီး နှစ်သက်စွာ ဆက်ဖတ်နေမိတယ်။

ဘာဘဲဖြစ်ဖြစ်
မိုးရွာနေတယ်
ချစ်မြတ်နိုးတွယ်တာခြင်း
နားလည်ပါတယ်

အဆက်အစပ်မရှိပေမယ့် သဘောကျတဲ့ စာကြောင်း လေးတွေ ဖြတ်ထားပါတယ်။ တေဇရဲ့ဆေးလိပ်သောက်ပွဲ ကြီးဟာ ပိုပြီးမြိုင်ဆိုင်လာပါတယ်။ လွန်ခဲ့တဲ့ ဟိုး...(၃)နှစ်လောက်ကတည်းက တဖြည်းဖြည်းစုထားတဲ့ ဖင်စီခံ စာရွက်ဖြတ်ပိုင်းလေးတွေကို အကြိမ်ကြိမ် ပြန်ဖတ်ဘူးတယ်။ သိပ်စိတ်ကြိုက် မဟုတ်တော့တဲ့ စာရွက်လေးတွေကို တော့ နောက်ဖေးသွားတဲ့ အိမ်သာအိုးထဲကို ချေပြီးပစ်ထားလိုက်တယ်။ တခါတလေ ဆေးလိပ် တမျိုးထဲဖြစ်ပေမဲ့ အခန်း အသီးသီးမှာရှိတဲ့ အကျဉ်းကျနေသူများ (နိုင်ငံရေးသမားများ) ဟာ ဖင်စီခံထဲက ဖြတ်ပိုင်းဟာ အကြောင်း အရာတမျိုးထဲကို ရေးထားတာမျိုး တွေ့ ရှိရင် ထောင်ဝန်ထမ်းတွေဆီ သတင်းရောက်သွားပြီး အခန်းတွေထဲဝင် ပြီး ပစ္စည်းတွေကို ဖွေရှာတတ်ပါတယ်။ တယောက်နဲ့ တယောက် ဘာတွေ စာပေးစာယူ လုပ်ကြသလဲဆိုပြီး မသင်္ကာလို့ ဘဲဖြစ်တယ်။

တခါကလည်း ထောင်ထဲမှာ(တလဆီ) လူတိုင်းကို ပိုက်စိပ်တိုက် ရှာဖွေခြင်းလုပ်တုန်းမှာလည်း တေဇသိပ်ကြိုက်တဲ့ စာရွက်ဖြတ်ပိုင်းလေးတွေကို တွေ့ရှိခဲ့ပါတယ်။ တေဇဟာ သူ့ရဲ့အင်္ကျီအပိုတွေထဲမှာ လျှို့ဝှက်ထားတာဖြစ်ပါတယ်။ တခြားနိုင်ငံရေးသမားများ အဲဒီလို စာဖြတ်ပိုင်းလေးတွေ သိမ်းထားတာကို ထောင်ဝန် ထမ်းများတွေ့ခဲ့ရင် အဲဒီလူတွေကို ခွေးလှောင်အိမ်ထဲမှာ ချုပ်ထားတတ်ပါတယ်။ အခန်း

အတော်များများထဲက စာဖြတ်ပိုင်းလေးတွေရဲ့ စာသားတွေတူနေရင် ထောင်ပိုင်ကြီးဟာ အလွန်ဒေါကန်ပြီး သူဟာ့သူ အဓိပ္ပါယ်ဖော် ကြည့်တတ်တယ်။ ဘာမှမလုပ်ဘဲ မယုံသင်္ကာစွာနဲ့ဘဲ အပြစ်ပေးနှိပ်စက်မှုတွေ လုပ်တတ်ပါတယ်။ တေဇကို တော့ ခွေးလှောင်အိမ်ထဲ ထဲ့မယ်ဆိုပြီး ခြိမ်းခြောက်ပေမဲ့ တကယ် မထဲ့ပါဘူး။ နိုင်ငံရေးသမားတွေရှိတဲ့ ခွေးလှောင်အိမ်ထဲမှာ နိုင်ငံရေးသမားတွေနဲ့ စကားပြောဆက်သွယ်မှာကို ထောင်ပိုင်ကြီး မလိုလားပါဘူး။

တခါထောင်ဆူပူမှုဖြစ်ပွားတုန်းက ခွေးတွေတချို့အသတ်ခံရဘူးပါတယ်။ ခွေးလှောင်အိမ်ထဲမှာ ခွေး ချေး၊ ခွေးသေးများနဲ့ နေရတဲ့အတွက် လူတွေဟာ ခွေးနံ့စွဲနေကြပါပြီ။ ခွေးသေးစိုတဲ့ အဝတ်အစားတွေဟာ သိပ်အနံ့သိပ်ပြင်းတတ်ပြီး အကြာကြီးစွဲနေတတ်ပါတယ်။ ထောင်ထဲမှာ နှိပ်စက်ပုံ တမျိုးရှိပါတယ်။ အဲဒီပုံစံဟာ အကျဉ်းသားတွေ သိပ်မုန်းတယ်။ လူဟာ ကိုယ့်ရဲ့ခြေဖျားထိပ်ပေါ်မှာ ဆောင့်ကြောင့်မထိုင်ရုံတမယ် ရပ်နေရပြီး ခြေထောက်(၂)ဖက်ကိုခွာထားရတယ်။ လက်(၂)ဖက်ကိုလည်း ခေါင်းပေါ်မှာချိတ်ပြီးတင်ထားရတယ်။ ခါးကို မတ်မတ်ထားရပြီး အဲဒီပုံစံကို မလှုပ်အောင်ထိန်းပြီးနေရပါတယ်။ ဘယ်လိုမှ မလုပ်နိုင်တဲ့ ပုံစံဖြစ်လို့ပုံစံနဲနဲရွေ့သွားတာနဲ့ ဝိုင်းပြီး ထိုးကြိတ်ကျ၊ ကန်ကျောက်ကြပါတယ်။ အဲဒီအချိန်မှာလည်း ပုံစံကို မပျက်အောင်ထိမ်းသိမ်းရင်း နှိပ်စက်မှုကို ပေပြီးခံကြရပါတယ်။ မေ့မြောပြီးလဲကျသွားသည့်တိုင်အောင် သူတို့ထပ်ကန် တတ်ကြပါ တယ်။ သူတို့နှိပ်စက်တုန်း သူတို လက်တွေနာသွားတဲ့အခါ၊ ဒါမှမဟုတ် ခြေကုန်လက် ပန်းကျသွားတဲ့အခါ နှိပ်စက်မှုတွေ ရပ်တန့်သွားတတ်ပါတယ်။ သူတို့တွေဟာ အခန်းကျဉ်းလေးထဲမှာ ဝိုင်းနှိပ် စက်ကြတဲ့ အခါ လူတွေဟာ မိမိတို့အသက်ကို မပိုင်ဆိုင်တော့ပါ။ သူတို့လက်ထဲမှာ မိမိတို့ ကံကြမ္မာ ကိုအပ်နှံ ထားကြရပါတယ်။

**မှတ်ချက်။ ။ ယခုဘာသာပြန်သူ ထောင်ကျစဉ်အချိန်တုန်းက ဦးခေါင်းကို ဂုန်နီအိတ်စွပ်၊ ဆောင့် ကြောင့်ထိုင်ခိုင်းပြီး စက်ဘီးတာရာ၊ စစ်ဖိနပ်၊ လက်သီးများနှင့် အားရပါးရ နှိပ်စက်တာကို ခံခဲ့ရပါတယ်။**

ကိုစိန်ယုံ မတိုင်ခင် ကိုဆာမိဆိုတဲ့ လျှာပြတနေတဲ့ ကုလားဗမာတယောက် တေဇ တိုက်ဖက်မှာ တာဝန်ထမ်းစဉ်က တေဇကို ဆေးလိပ်တလိပ် ခိုးပေးဘူးပါတယ်။

**တေဇ။ ။ ကိုဆာမိ ခင်ဗျား ကျနော့်ကို ဆေးလိပ်ခိုးပြီးတိုက်တာ ထောင်ဝါဒါတွေ သိရင် ခင်ဗျားကို ခွေးလှောင်အိမ်ထဲ့လိုက်မှာ မကြောက်ဘူးလား။** လို့ မေးဘူးပါတယ်။ ကိုဆာမိ လျှာမရှိပေမဲ့ လက်ညှိုး ကိုပါးစပ် တပ်ပြီးပြတယ်။ သဘောကတော့ **မင်းဘာသာ မင်းဆေးလိပ်ကို အေးအေးဆေး ဆေးသောက် လို့ သိပ်လျှာမရှည်နဲ့ ဆိုတဲ့သဘောပေါ့။** အဲလိုနဲ့ဘဲ တေဇဆိုတဲ့ တေးဆိုငှက်ဟာ ဆေးလိပ်ပြန်စွဲသွားတတ်ပါတယ်။ ပြတ်လိုက် ပြန်သောက်လိုက်ဖြစ်နေပါတယ်။ တခါတလေ ဆေးလိပ်သောက်ပွဲ အခန်းထဲမှာ ကျင်းပခဲ့ရင် ဆေး လိပ်ဖင်စီခံ (၄–၅)ခုလောက်သိမ်းထား တတ်ပါတယ်။ အပျင်းပြေ ဖတ်နိုင်ရန်အတွက် ဖြစ်ပါတယ်။ ဖင်စီခံထဲမှာ ပါတဲ့ ဖြတ်ပိုင်းလေးတွေဟာ အကျိုးနောက်တမျိုးကို ပေးနိုင်ပါတယ်။ စာဖတ်ရတဲ့ အခွင့်အရေးကို ပေးသလို ဗိုက်သိပ်ဆာရင်လဲ အဲဒီ စာရွက်ဖြတ်ပိုင်းလေးတွေဟာ စားစရာဖြစ်လာ တတ်ပါတယ်။

ငယ်ငယ်တုန်းက တေဇရယ်၊ အောင်မင်းရယ် ညီအကိုနှစ်ယောက် ဆူးလေးနားမှာရှိတဲ့ ပုံနှိပ်စက် စာကူး၊စာရိုက်လုပ်တဲ့ လမ်းတွေဘက် လျှောက်ကြည့် ဘူးတာ သတိရမိပါတယ်။ စာအုပ်၊ စာပေရိုက်တဲ့ လမ်းတွေထဲ ဖြတ်လျှောက်ရတိုင်း စက္ကူရဲ့ အနံ့အသက်တွေကို ပြန်မှတ်မိတယ်။ ညီအကို နှစ်ယောက် ကြီးလာတဲ့အခါ ဒီလိုနေရာမှာလာပြီး အလုပ်လုပ်ကြမယ်လို့ ကတိပြုခဲ့ကြသေးတယ်။ အ သက်ကြီးကြီး အမျိုးသမီးကြီးတွေရဲ့ ခေါင်းပေါ်မှာ

စက္ကူဆိုဒ်အကြီးတွေကို တထပ်ကြီးသယ်သွားတာ အံ့သြစွာ မြင်ဘူးပါတယ်။ တခါတရံ စက်ဘီး နောက်ကယ်ရီယာပေါ်မှာ (၃–၄)ပေလောက်ထုအောင် ထပ်ထားပြီး လူတွေရှုပ်ထွေးနေတဲ့ကြားမှာ ဘဲလ်တဂွမ်ဂွမ်တီးပြီး သွားလာနေတာ ပြန်မြင်ယောင်လာမိပါတယ်။

စက္ကူတွေ ရှိနေလို့ လူတွေဟာ အပြင်လောကထဲမှာ မပြောရဲမဆိုရဲတဲ့ ရင်ထဲကခံစားချက်များကို မိမိရဲ့အခန်းထဲမှာ အားရပါးရ ရင်ဖွင့်ရေးချလို့ ရတယ် မဟုတ်လား။ ဒီလိုအခန်းထဲ ရေးတာကို ဗိုလ်ချုပ်ကြီးရောကုန်ကုန်ပြောရရင် ဦးနေဝင်းလဲ တားလို့ ရတာမဟုတ်ပါ။ စာသားဆိုတာ ချကောင်လေးတွေလိုဘဲ ထုထဲနေတဲ့ နံရံကိုတောင် တဖြည်းဖြည်းထိုးဖောက်ထွက်တတ်သလို စာသားတွေဟာ လူတွေရဲ့ ရင်ထဲကို တဖြည်းဖြည်းထိုးဖောက်ဝင်လာနိုင်ခဲ့တယ်။

# သတိရတဲ့ စာကြောင်လေးတခု

**ညီအကို နှစ်ယောက်၊ လူတွေရဲ့ ရှုန်းကန်ရှင်သန်မှု၊ ကောင်လေးဟာ ကြေကွဲမှုကင်းစွာ ရပ်နေတယ်။ အချစ်ဟာ ထူးဆန်းတဲ့ နာကျင်မှုကို ပေးစွမ်းနိုင်တယ်။ မိုးတွေဟာ ဘယ်အရာကိုမဆို နားလည်ခွင့် လွှတ်တတ်တယ်။**

ဒီစာသားလေးတွေ ရေးထားတဲ့ စာရွက်လေးကို တေဇ ဆုပ်ကိုင်ရင်းအိပ်ပျော်သွားတယ်။ မနက်လင်းတော့ စာရွက်ထဲက မှင်တွေလည်း လက်မှာ စွန်းနေပြီ။